# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 28, 2020 Volume 27, Number 18


| ၂၈.၁.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၇၉/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၅၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၆၈/- ကျပ် |
| CBM Rate | = ၁၄၆၅.၈ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၁၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၇၈.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၀၆.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၅.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၈၈.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၁.၃၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၅၄၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၄.၃၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၈.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၄၉၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## တရုတ်နိုင်ငံတွင်ဖြစ်ပွားနေသည့် ကူးစက်ရောဂါကြောင့် ဖရဲ၊ သခွားမပို့သေးရန်အသိပေး



ကိုရိုလာဗိုင်းရပ်စ်ကြောင့် ကူးစက်ရောဂါဖြစ်ပွားနေသည့် တရုတ်နိုင်ငံတွင် လူစည်ကားသောဈေးများ၊ ခရီးသွားလာမှု လမ်းကြောင်းများကို ကန့်သတ် ပိတ်ပင်ထားသဖြင့် အရောင်းအဝယ်မရှိသလောက် ဖြစ်နေ၍ ဖရဲ၊ သခွားအပါအဝင် အခြားသော သီးနှံများအားလုံး တင်ပို့ခြင်းမပြုသေးရန် အသိပေးစာထုတ်ပြန်ထားကြောင်း မူဆယ် ၁၀၅မိုင်၊ ကုန်သွယ်ရေးဇုံ၊ သစ်သီးဝလံကုန်စည်ဒိုင်ကသိရသည်။

``တရုတ်အစိုးရက အရေးပေါ်အခြေအနေဖြစ်တဲ့အတွက် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းတွေကို ကန့်သတ်ထားသလို လူစုလူဝေး၊ ပျော်ပွဲရွှင်ပွဲတွေကိုလည်း ကန့်သတ်ထားပါတယ်၊ ပြည်တွင်းက တရုတ်တွေ ပြင်ပကိုထွက်ခွာခြင်းမရှိ တာကြောင့် အရောင်းအဝယ်မရှိပါဘူး၊ အဲဒီအတွက် မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေ မဖြစ်အောင် အခုလို အသိပေးထုတ်ပြန်တာဖြစ်ပါတယ်`` ဟု မူဆယ် ၁၀၅မိုင်၊ ကုန်သွယ်ရေးဇုံ၊ သစ်သီးဝလံကုန်စည်ဒိုင်က အမှုဆောင်အဖွဲ့ဝင် ဦးစိုင်းမြင့်ဗိုလ်က ပြောသည်။

ယခုဖြစ်စဉ်အတွက် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရမှု အခြေအနေမှာ ရောဂါအခြေအနေထိန်းချုပ်နိုင်သည့်အချိန်မှသာ လုပ်ဆောင်နိုင်မည်ဖြစ်သောကြောင့် အချိန်စောင့်ဆိုင်းပေးပို့ကြရန်လိုအပ်ကြောင်း၊ ပေးပို့ခြင်းမရှိလျှင် တောင်သူများအနေဖြင့် ဆုံးရှုံးမှုများဖြစ်နိုင်ကြောင်းကို မူဆယ် ၁၀၅မိုင်၊ ကုန်သွယ်ရေးဇုံ၊ သစ်သီးဝလံကုန်စည်ဒိုင်နှင့် North East Gate Public Co.,Ltd တို့က အသိပေးစာထုတ်ပြန်ထားသည်။ ``တရုတ်ဝယ်လက်တွေကလည်း ဝယ်ပြီးရောင်းစရာနေရာမရှိဘူး၊ ဈေးကွက်ကလည်း အခြေအနေမကောင်းပါဘူး၊ ဒါကြောင့် တောင်သူတွေအနေနဲ့ အသီးမတင်ပို့ပဲ စောင့်ကြည့်ကြဖို့လိုပါတယ်၊ အနည်းဆုံးတစ်ပတ်လောက်ဆွဲထားဖို့လိုမယ်၊ ဒါအပြင် ပြန်လည်ရောင်းချရပြီလို့ ပြောလိုက်တာနဲ့ တင်ပို့တဲ့သူတွေအနေနဲ့ အားလုံးစုပြုံတင်ပို့ကြဖို့လိုပါတယ်၊``ဟု ခွာညိုသစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းမင်းသူနိုင်က ပြောသည်။ တရုတ်နှစ်သစ်ကူးကာလပြီးသဖြင့် မူဆယ်အဝင်အထွက်နှင့် ကျင်စန်းကျော့ဂိတ်တို့ကို ဖွင့်လှစ်ပေးထားသော်လည်း အရောင်းအဝယ်မရှိသလောက် အခြေအနေတွင် ရှိနေသည်။

**Source:** http://www.mizzimaburmese.com/article/66339

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်ဘက်မှ ကုန်သည်များမလာနိုင်၍ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်မှုရပ်



တရုတ်နိုင်ငံ ဝူဟန်မြို့မှစတင်သည့် ကိုရိုနာဗိုးရပ်စ်ကြောင့် မြန်မာ-တရုတ် နယ်စပ်မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေး၌ တရုတ်ဘက်မှ ကုန်သည်များ လာရောက်နိုင်ခြင်းမရှိသောကြောင့် နယ်စပ်ကုန်သွယ်မှုရပ်တန့်နေပြီး သစ်သီးဝလံ ကုန်တင်ကားစီးရေ ၁၀၀ ကျော်ပိတ်မိနေကြောင်းသိရသည်။ မြန်မာနိုင်ငံမှ တင်ပို့သောသစ်သီးဝလံများအား တရုတ်နိုင်ငံ၌ အရေးပေါ်အခြေအနေနှင့် သယ်ယူ ပို့ဆောင်ရေးလမ်းကြောင်းများ ကန့်သတ်ထားသဖြင့် အရောင်းအဝယ်အခက်အခဲ ရှိနိုင်သဖြင့် အခြေအနေ တည်ငြိမ်သည်အထိ စောင့်ဆိုင်းပြီးမှတင်ပို့ကြရန် မူဆယ် သစ်သီးဝလံကုန်စည်ဒိုင်က ကြေညာချက်ထုတ် အသိပေးထားသည်။

"ရောဂါအခြေအနေထိန်းချုပ်နိုင်မှ ကုန်သည်တွေလာမှပွင့်မယ်။ ဟိုဘက်ကလည်း ဒီဘက်လာလို့ အဆင်မပြေ။ ဒီဘက်ကလည်း ဟိုဘက်မသွားရဲဘူး။ ဘယ်ရက်မှာ ကုန်သွယ်မှုပွင့်မယ်ဆိုတာ မပြောနိုင်ဘူး။ အရင်ကကားတွေ ထောင်ချီပြီးဝင်ပေမယ့် ခုတော့ အစီးရေ ၂၀၀ ဝန်းကျင်လောက်ပဲ။ ကုန်သွယ်မှုက ရပ်သလောက် ဖြစ်နေတယ်"ဟု မောရွှေလီကုန်သွယ်မှုဦးစီးဌာန၊ ဦးစီးအရာရှိ ဦးထွန်းမင်းထွန်းကပြောသည်။ နှစ်သစ်ကူး ပိတ်ရက်အဖြစ် ပဲ ပြောင်း နှမ်းကုန်စည်ဒိုင်က ဖေဖော်ဝါရီ ၂ ရက်တွင်လည်းကောင်း၊ ဆန်စပါးကုန်စည်ဒိုင်က ဖေဖော်ဝါရီ ၈ ရက်တွင်လည်းကောင်း ပြန်ဖွင့်မည်ကြေညာထားပြီး၊ လက်ရှိတွင် သစ်သီးဝလံကုန်စည်ဒိုင်မှာ ဖွင့်လှစ်ထားသော်လည်း တရုတ်ကုန်သည်များမလာ၍ မြန်မာဘက်မှရောက်ရှိလာသည့် ဖရဲသခွားသစ်သီးကား ၁၀၀ ကျော်မှာ သစ်သီးအရောင်းကွင်း အတွင်း ရပ်တန့်ထားရသည်။ "ပဲ ပြောင်း နှမ်းနဲ့ဆန်စပါးကုန်စည်ဒိုင်တို့လည်း ပိတ်ရက်ပါ။ သစ်သီးကုန်စည်ဒိုင်ဖွင့်ပေမယ့် ကုန်သည်တွေမဆင်းတော့ မြန်မာဘက်က သစ်သီးကုန်သည်တွေ ဒုက္ခရောက်ကြတယ်။ အရင်က ကားတွေထောင်ချီပြီး ဝင်နေပေမယ့် ခုတော့စီးရေ ၁၀၀ ကျော်လောက်ပဲရှိတယ်။ ခုဟာက ရောင်းအဝယ်မရှိသလောက်ဖြစ်နေပြီး ဘယ်ရက်ထိ ပိတ်ထားမလဲဆိုတာ မသိနိုင်ဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ "ရောင်းကွင်းလည်း ဖွင့်ထားတယ်။ တရုတ်ဘက်မှာ လမ်းတွေ ပိတ်ထားပြီး သွားလာမရလို့ ဒီကိုမလာကြဘူး။ ဒီနေ့မှာ ဖရဲသခွားကားတွေ ၁၀၀ ကျော်ရှိတယ်။ နောက်ရက်ဆို ၂၀၀ လောက်ဖြစ်သွားနိုင်တယ်။ သစ်သီးတွေ ဒီအတိုင်း ရောင်းကွင်းထဲမှာ ထားရတယ်။ ဝယ်လက်မရှိလို့ ပေါက်ဈေးလည်း မရှိသလို ဒါမျိုး တစ်ခါမှ မရှိဘူးတော့ ဘယ်နေ့ အရောင်းအဝယ်ဖြစ်လာမလဲ မှန်းလို့မရဘူး" ဟု မိန်းမိန်း သစ်သီးပွဲရုံမှ ဦးနိုင်ကဆိုသည်။ ဖရဲသခွားသစ်သီးတင်ကားများမှာ တွဲကားတစ်စီးလျှင် ခန့်မှန်းတန်ချိန် ၁၅ တန်ခန့်တင်ဆောင်ကြခြင်းကြောင့် ယနေ့ သစ်သီး အရောင်းကွင်း၌ အရောင်းအဝယ်မရှိဘဲ ရပ်တန့်ထားရသော သစ်သီးတန်ချိန် ၁၅၀၀ ကျော်ရှိနေကြောင်း၊ မြန်မာနိုင်ငံမှ တင်ပို့သည့် ဖရဲသခွားတောင်သူများကိုလည်း ခူးဆွတ်ခြင်း၊ တင်ပို့ခြင်းများကို ဈေးကွက် အခြေအနေစုံစမ်းပြီးမှ ပြုလုပ်ကြရန် အကြောင်းကြားထားကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/134442.html

## ဝူဟန်ကူးစက်မြန်ရောဂါထိန်းချုပ်နိုင်သည်အထိ အသီးတင်ပို့ခြင်းမပြုလုပ်ရန်နှင့် စိုက်ခင်းအတွင်း အသီးများ နောက်ကျခူးဆွတ်နိုင်ရေးပြင်ဆင်သင့်ကြောင်း အထူးသတိပေးစာထုတ်ပြန်

ဝူဟန်ကူးစက်မြန်ရောဂါ ထိန်းချုပ်နိုင်သည်အထိ အသီးတင်ပို့ခြင်းမပြုလုပ်ရန်နှင့် စိုက်ခင်းအတွင်း အသီးများ နောက်ကျခူးဆွတ်နိုင်ရန် ပြင်ဆင်သင့်ကြောင်း အထူးသတိပေးစာကို ဇန်နဝါရီလ ၂၇ ရက် နံနက်ပိုင်းတွင် အသီးကွင်းရောင်းဝယ်မှုများ အပြီး မူဆယ်သစ်သီးကုန်စည်ဒိုင် ထုတ်ပြန်ထားသတိပေးထားသည်။ ဝူဟန်ကူးစက်မြန်ရောဂါကြောင့် တရုတ်နိုင်ငံတွင် ပြည်တွင်းအရေးပေါ်အခြေအနေအဖြစ် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ကန့်သတ်ထားသဖြင့် အသီးတင်ပို့ရောင်းချရန် အခက်အခဲများဖြစ်ပေါ်နေကြောင်း၊ ဖရဲသခွားတင်ပို့ရောင်းချသူများ နစ်နာဆုံးရှုံးမှုမရှိစေရန် စိုက်ခင်းမှအသီးခူးဆွတ်မှုကို အချိန်ဆွဲထိန်းထားနိုင်ရန် အမြန်ဆုံးဆောင်ရွက်ထားသင့်ကြောင်း ပွဲရုံပိုင်ရှင်များမှအကြံပြုသည်။ "ဈေးကွက်အခြေအနေကတော့ မကောင်းဘူး။ တရုတ်ဝယ်လက်တွေကလည်းဝယ်ပြီး ရောင်းစရာနေရာမရှိဘူးဖြစ်နေတယ်။ တရုတ်ပြည်တွင်း

မှာလည်း စားသောက်ဆိုင်တွေ ၊ ကေတီဗွီတွေ ၊ ဈေးတွေပိတ်ထားတယ်။ လူစည်းကားရာတွေမှာ သွားလာမှုမလုပ်ဖို့ တရုတ်ကျန်းမာရေးဌာနက သတိပေးထုတ်ပြန်ထားတယ်။ ကုန်သွယ်ရေးဂိတ်တွေ ပိတ်တာမဟုတ်ဘဲ ဈေးကွက်မရှိတဲ့အခြေအနေဖြစ်နေတာပါ။

လက်ရှိမှာ ဖရဲသခွားတောင်သူတွေ အသီးမတင်သေးပဲ သတင်းတွေကိုစောင့်ကြည့်ဖို့ လိုပါတယ်။ စိုက်ခင်းမှာပဲ အသီးခူးရမယ့်အချိန်ကို နောက်ဆွဲထားဖို့လိုပါတယ်။ ဈေးကွက်မှာ ၅ ရက် ၇ ရက်လောက် စောင့်ကြည့်ထိမ်းထားဖို့လိုပါတယ်။ ဈေးကွက်ပြန်ပွင့်လာရင်လည်း အသီးကားတွေ စုပြုံဝင်မလာဖို့လိုပါတယ်´´ဟု ခွာညိုပွဲရုံမှ ဦးစိုင်းမင်းသူနိုင်ကပြောသည်။ လက်ရှိအချိန်ထိ မူဆယ်အဝင်အထွက်နှင့် အသီးလှယ်ကွင်း ဝမ်တိန်သွားရန် ကျင်စန်းကျော့ဂိတ်ကို နှစ်သစ်ကူး ပိတ်ရက်နောက်ပိုင်း ပြန်လည်ဖွင့်လှစ်ထားပြီး အနည်းငယ်သာဝယ်ယူမှုရှိကြောင်းသိရသည်။ ''ဖရဲစိုက်ခင်းများ စိုက်ခင်းအတွင်း အသီးဆွတ်ခူးမှု နောက်ကျအောင်ပိုတက်စီယမ် (K)အချိုးများသည့် ရွက်ဖြန်းအားဆေးကို အသုံးပြုကာ အပင်ရေအစိုဓာတ်ရှိရုံရေအနည်းငယ်သွင်းပေးလျှင် အသီးဆွတ်ခူးမှု ၇-၁၀ ရက်ထိ ဆွဲထားနိုင်ကြောင်း ဖရဲစိုက်တောင်သူ ဦးသစ္စာကပြောသည်။

"လက်ရှိရာသီဥတု အခြေအနေအရရော ပိုတက်စီယမ်ဆာလ်ဖိတ်ကိုကျွေးပေးရင် လက်ရှိအသီးကိုပိုကြာရှည်စေတယ်။ ချက်ချင်းကြီး မမှည့်နိုင်ဘူး။ တာရှည်ထားနိုင်တယ်။ ရေအစိုဓာတ်ပြတ်မသွားအောင် ပါးပါးလေးသွင်းထားရမယ်။ များသွားရင်လည်းမကောင်းဘူး။ ဒီလိုဆောင်ရွက်ထားရင် အနည်းဆုံးတစ်ပတ်ဆယ်ရက် ခူးဆွတ်ချိန်ထိန်းထားလို့ရပါတယ်။ နောက်ပြီး အသီးတွေကို ကောက်ရိုးနဲ့ဖြစ်ဖြစ် အပင်နွယ်တွေနဲ့ဖြစ်ဖြစ် နေမလောင်အောင် ဖုံးအုပ်ထားရပါမယ်"ဟု ၄င်းကပြောသည်။

**Sources: The Farmer Media.**

https://www.facebook.com/myanmaawba/?ref=page_internal

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖရဲ၊ သခွားရောင်းသူ အရှုံးပေါ်နိုင်၊ ရောဂါထိန်းချုပ်နိုင်မှ တင်ပို့ရောင်းချရန်သတိပေး

တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေမှု အခြေအနေကြောင့် ဖရဲ-သခွားရောင်းချသူများ အရှုံးပေါ်နိုင်၍ရောဂါထိန်းချုပ်နိုင်သည့်အချိန်မှသာ တင်ပို့ရောင်းချမှုပြုလုပ်ကြရန် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်မှ ဇန်နဝါရီ ၂၇ ရက်က အထူးအသိပေးကြေညာချက်ထုတ်ပြန်ထားကြောင်းသိရသည်။ "ခြုံပြောရရင် တရုတ်ဘက် ကူးစက်မြန်ကပ်ရောဂါကြီးကြောင့် ဖရဲ-သခွားဈေးကွက်ကို တိုက်ရိုက်ဆိုးကျိုးသက်ရောက်ပါပြီ။ အခုအခြေအနေက မူဆယ်တက်ဖို့ ဖရဲ၊ သခွားများခူးဆွတ်မှု၊ တင်ပို့မှုလုံးဝရပ်ထားသင့်ပါတယ်" ဟု သစ်သီးဝလံကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ကပြောသည်။

လက်ရှိအချိန်၌ ဝူဟန်ဒေသမှအစပြုသော Corona Virus ဝူဟန် ကူးစက်မြန်ရောဂါကြောင့် တရုတ်နိုင်ငံအတွင်း အရေးပေါ်အခြေအနေ ကြေညာ၍ လူစုလူဝေး၊ ပျော်ပွဲရွှင်ပွဲ၊ ခရီးသွားလာမှုလမ်းကြောင်းများကို တရုတ်နိုင်ငံအစိုးရမှ ကန့်သတ်ထားချိန်လည်းဖြစ်သည်။ "ဒီရက်ပိုင်း တောင်သူတွေအနေနဲ့ လုံးဝမတင်သင့်ဘူး" ဟု သစ်သီးဝလံကုန်စည်ဒိုင် အသင်းမှ တာဝန်ရှိသူတစ်ဦးက မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။ ဖရဲသီး၊ သခွားမွေးထုတ်လုပ်တင် ပို့ရောင်းချသူ တောင်သူများ နစ်နာဆုံးရှုံးမှု မဖြစ်စေရေးအတွက် တရုတ်နိုင်ငံဘက်မှ အဆိုပါရောဂါကိုထိန်းချုပ်နိုင်ပြီး အခြေအနေတည်ငြိမ်သည်အထိ စောင့်ဆိုင်းပြီးမှသာ တင်ပို့ကြပါရန် အသိပေးထားခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/134463.html

## မြန်မာ–တရုတ်နယ်စပ် ကန်ပိုက်တီးဂိတ် ကုန်သွယ်ရေးစခန်း မိနစ်ပိုင်းပိတ်ပြီးပြန်ဖွင့်

မြန်မာ–တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်း ကန်ပိုက်တီးဂိတ်ကို မိနစ်ပိုင်းသာပိတ်ပြီး ပြန်ဖွင့်လိုက်ကြောင်း ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဇော်ဝင်းကပြောသည်။ “ဒီနေ့(ဇန်နဝါရီ ၂၇ရက်) နေ့လယ် ၁ နာရီမှာ တပ်မတော်ဘက်က ပိတ်လိုက်တာပါ။ ခဏပဲ၊ မိနစ်ပိုင်းပဲ။ ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ မဟုတ်တော့ ဘာကြောင့် ပိတ်လိုက်လဲမသိဘူး’’ဟု ၎င်းကပြောသည်။ အဆုတ်ရောင်ရောဂါ ကိုရိုနာဗိုင်းရပ်စ်ကိုထိန်းချုပ်ရန် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးပြုလုပ်နေသည့် ကန်ပိုက်တီးနှင့် လွယ်ဂျယ်ဂိတ်များကို ယာယီပိတ်ထားရန် ကချင်ပြည်နယ် အစိုးရက

ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြထားကြောင်း ဦးဇော်ဝင်းကဆိုသည်။ တရုတ်နှင့်ထိစပ်နေသော နယ်စပ်ဂိတ်များကို ပိတ်မည်ဆိုပါက နှစ်နိုင်ငံညှိနှိုင်းသဘောတူညီမှုရရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ် ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် ကန်ပိုက်တီးနယ်စပ်နှင့် နီးစပ်သည့် တရုတ်နိုင်ငံ ထိန်ချျုံးမြို့တွင် ကိုရိုနာဗိုင်းရပ်စ် သံသယရှိ လူနာနှစ်ဦးရှိနေသည့်အတွက် ကျန်းမာရေးအရ စစ်ဆေးခြင်းလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်နေကြောင်း ဦးဇော်ဝင်းကဆိုသည်။ ဇန်နဝါရီ ၂၇ ရက်က ကန်ပိုက်တီးနယ်စပ်ဂိတ်မှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူ ၄၀၄ ဦးကို ကျန်းမာရေးစစ်ဆေးခဲ့ပြီး ယင်းအနက် တရုတ်နိုင်ငံသား ၉၀ ဦးပါဝင်ကြောင်း ကျန်းမာရေးဦးစီးဌာနတာဝန်ရှိသူကဆိုသည်။ နယ်စပ်ဂိတ်ပိတ်ခြင်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်ဖြစ်ပြီး နယ်စပ်ဂိတ်များ ယာယီပိတ်ခြင်းအတွက် မြန်မာနှင့်တရုတ်ကုန်သွယ်မှု အနည်းငယ်ထိခိုက်နိုင်ပြီး ဒေသခံတောင်သူများ၏ အကျိုးစီးပွားသက်ရောက်မှုသည် အဓိကဖြစ်လာနိုင်ကြောင်း ဦးဇော်ဝင်းက ပြောသည်။ ‘‘ကျန်းမာရေးရှုထောင့်အရ တရုတ်နိုင်ငံနဲ့ထိစပ်နေတဲ့ နယ်စပ်ဂိတ်တွေကို ယာယီပိတ်တာက ပိုပြီးအကျိုးရှိတယ်’’ဟု ၎င်းက ပြောသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်လအတွင်း ကန်ပိုက်တီးနယ်စပ်ဂိတ်မှ မြန်မာ-တရုတ် ကုန်သွယ်မှု ဒေါ်လာ ၆၃ သန်း ကျော်ရှိသည်။ ယခင်ဘဏ္ဍာ နှစ်ကုန်သွယ်မှုပမာဏမှာ ဒေါ်လာသန်း ၃၀၀ ခန့်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**Source:**https://7day.news/–177095

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမလေးလကျော်ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ နှစ်ဘီလီယံကျော်ရရှိ

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမလေးလကျော်ကာလ အတွင်း စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ ၂,၁၅၆ ဒသမ ၂၀၅ သန်း ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်မှု အရ သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဇန်နဝါရီလ ၂၄ ရက်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြု ပေးခဲ့မှုမှာ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု လုပ်ငန်း ၁၀၀ ခု ၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ ၁,၈၃၁ ဒသမ ၁၈၃ သန်း ဖြစ်ကြောင်း ၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန် ဒေါ်လာ ၂,၀၈၀ ဒသမ ၀၆၅ သန်း ဖြစ်ကြောင်း သိရသည်။

ထို့အတူ အထူးစီးပွားရေးဇုန် ဥပဒေ အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဇန်နဝါရီလ ၂၄ ရက်အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ ၇၆ ဒသမ ၁၄၀ သန်း ဖြစ်ကြောင်း သိရသည်။ထို့ပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဇန်နဝါရီလ ၂၄ ရက် အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြု ပေးခဲ့မှုမှာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၃၉ ခု ၊ အမေရိကန် ဒေါ်လာ ၁၁၃ ဒသမ ၅၄၅ သန်း အပါအဝင် ကျပ် ၆၄၇,၆၈၉ ဒသမ ၉၂၇ သန်း ဖြစ်ကြောင်း ၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ရင်းနှီး မြှုပ်နှံမှု ပမာဏမှာ အမေရိကန် ဒေါ်လာ ၁၃၄ ဒသမ ၄၆၉ သန်း အပါအဝင် ကျပ် ၇၄၈,၃၁၁ ဒသမ ၀၆၁ သန်း ဖြစ်ကြောင်း သိရသည်။

**Source : Xinhua Myanmar,** https://news.ydnp.net/326932/

## မြန်မာ့လျှော်ဖြူဈေးနှုန်း အရင်နှစ်ကာလတူထက်ကျဆင်း



မြန်မာ့လျှော်ဖြူဈေးနှုန်းမှာ အရင်နှစ်ကာလတူထက် တစ်ပိဿာကို တစ်သောင်းဝန်းကျင်ကျဆင်းသွားကြောင်း မြန်မာနိုင်ငံ လျှော်ဖြူ စိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။ မြန်မာ့လျှော်ဖြူ အရည်အသွေး စံချိန်မမီတာကြောင့် ဝယ်လိုအားဈေးနှုန်းမှာ ကျဆင်းတာဖြစ်တယ်လို့ မြန်မာနိုင်ငံ လျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှ အတွင်းရေးမှူး ဦးဟိန်းထက်က ပြောပါတယ်။ လျှော်ဖြူက

ဈေးနှုန်းအရင်နှစ်ကထက်ကျတယ်။ တစ်ပိဿာကို တစ်သောင်း ဝန်းကျင်လောက်တော့ကျသွားတယ်။ အဓိကက မြန်မာ့လျှော်ဖြူရဲ့အရည်အသွေးက စံချိန်မမီတာတွေကြောင့် ဝယ်တဲ့သူတွေက အရည်အသွေးပေါ်ကြည့်ပြီး ဈေးပေးတာဆိုတော့ အရင်နှစ်ကထက်စာရင်ကျသွားတယ်။

မြန်မာ့လျှော်ဖြူဈေးနှုန်းများမှာ အရင်နှစ်က တစ်ပိဿာကို ၄၂၀၀၀ ကျပ် ဝန်းကျင်ထိအမြင့်ဆုံးရရှိခဲ့ပြီး အခုနှစ်အတွင်းမှာ မြန်မာ့လျှော်ဖြူတစ်ပိဿာကို ၃၀၀၀၀ ဝန်းကျင်သာရှိတော့ကြောင်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့လျှော်ဖြူကို တရုတ်နိုင်ငံကို အဓိကထားတင်ပို့နေပြီး အိန္ဒိယဈေးကွက်စတဲ့နိုင်ငံများကိုလည်း တင်ပို့နေတာဖြစ်ကြောင်း မြန်မာနိုင်ငံလျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

**Source :** https://greenwaymyanmar.com/posts/decrease_price_of_Myanmar_almond_tap

## အိန္ဒိယနိုင်ငံ၌ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု အထွက်နှုန်းများ ကောင်းမွန်မည်ဟု ကနဦးခန့်မှန်းလျက်ရှိခြင်း

အိန္ဒိယနိုင်ငံ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် အထွက်နှုန်းများ တိုးတက်ကောင်းမွန်ဖွယ်ရှိကြောင်း လယ်ယာထွက်ကုန်များ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုဆိုင်ရာ ဦးဆောင်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် National Collateral Management Services Ltd (NCML) က ကနဦးခန့်မှန်းချက် ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် မုတ်သုံရာသီကာလတွင် နိုင်ငံတစ်ဝန်း၌ မိုးရွာသွန်းမှုကောင်းမွန်ခဲ့ရာ ပုံမှန် မိုးရေချိန် ၈၈၀.၆ မီလီမီတာထက်ကျော်လွန်၍ ၉၆၈ မီလီမီတာအထိရရှိခဲ့ပြီး မိုးရာသီကာလအလွန် အောက်တိုဘာလအတွင်း၌လည်း ပုံမှန်ထက် ၄၂% ပိုမိုလျက် မိုးရေချိန် ၁၀၆.၅ မီလီမီတာရရှိခဲ့ရာ ဆောင်းသီးနှံများအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိစေခဲ့သည်။ အိန္ဒိယ၏ ဆောင်းသီးနှံစိုက်ပျိုးမှုတွင် ဂျုံသည်အဓိကသီးနှံဖြစ်ပြီး ယခုနှစ်ဆောင်းရာသီ၌ တန်ချိန် ၁၀၉၀ သိန်းခန့် ရိတ်သိမ်းရရှိနိုင်ကြောင်း NCML က ခန့်မှန်းထားသည်။ ယခင်နှစ်ဆောင်းရာသီ ဂျုံစိုက်ပျိုးထွက်ရှိမှုမှာ တန်ချိန် ၁၀၂၁ သိန်းဖြစ်ရာ ယခုခန့်မှန်းချက်အရ ၆.၂၇% ပိုမိုတိုးတက်ထွက်ရှိမည်ဖြစ်သည်။ အလားတူဆောင်းရာသီ၌စိုက်ပျိုးသည့် စပါးသည်လည်း ယခင်နှစ်ကထက် ၅% ပိုမို၍ ထွက်ရှိမည်ဟု ခန့်မှန်းရသည်။

NCML ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr. Siraj Chaudhry က ၂၀၁၉ ခုနှစ် မုတ်သုံ ရာသီကာလ၌ မိုးရွာသွန်းမှုကောင်းမွန်ခဲ့ခြင်းကြောင့် ယခုနှစ် အဓိကဆောင်းသီးနှံများဖြစ်သည့် ဂျုံ၊ ပြောင်းနှင့် နှံစားပြောင်းတို့သည် စံချိန်တင် အထွက်တိုးဖွယ်ရာရှိကြောင်း၊ သို့ရာတွင် ဆီထွက် သီးနှံနှင့် ပဲအချို့မှာ ယခင်နှစ်စိုက်ပျိုးထွက်ရှိမှုအောက်သို့ လျော့ကျနိုင်ကြောင်း ပြောကြားပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းရာသီကာလ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုမှာ ယခင်နှစ်ထက် ၈.၂၅% ပိုမိုတိုးတက်ပြီး တန်ချိန် ၈၉.၂ သိန်းထွက်ရှိရန်နှင့် နှံစားပြောင်း ထွက်ရှိ နိုင်မှုကို ယခင်နှစ်စိုက်ပျိုးထုတ်လုပ်မှုတန်ချိန် ၂၀.၂ သိန်းထက် ၃၅.၂% ပိုမိုတိုးတက်၍ တန်ချိန် ၃၁.၂ သိန်းအထိ ထွက်ရှိရန် NCML က ခန့်မှန်းလျက်ရှိသည်။ သို့ရာတွင် ဆောင်းရာသီကာလ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု၌ စိုက်ဧကအများဆုံးဖြစ်သော ကုလားပဲအား ယခင်နှစ်ထွက်ရှိမှုအောက် ၅% လျော့ချလျက် တန်ချိန် ၉၅.၈၂ သိန်းနှင့် ယခင်နှစ် စိုက်ဧကအောက် လျော့နည်းစိုက်ပျိုးခဲ့သည့် ပဲတီစိမ်းအား ၁၀% လျော့ချ၍ တန်ချိန် ၄.၆၂ သိန်း ခန့် ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။ ထို့အပြင် ဆီကြိတ်မုံညင်းစေ့ စိုက်ပျိုးထုတ်လုပ်မှုမှာ ယခင်နှစ်က အထွက်တန်ချိန်ပေါင်း ၉၃.၄ သိန်းရှိရာမှ ယခုနှစ်တွင် ၈.၈% လျော့နည်းလျက် တန်ချိန် ၈၅.၇၉ သိန်းသာ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းရသည်။

NCML ကုမ္ပဏီ၏ လေ့လာခန့်မှန်းချက်များအရ အိန္ဒိယနိုင်ငံ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းသီးနှံများ စိုက်ပျိုးထွက်ရှိနိုင်မှုမှာ စုစုပေါင်းတန်ချိန် ၁၅၂၇ သိန်းဖြစ်ပြီး ယခင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ထုတ်လုပ်မှုပမာဏ တန်ချိန် ၁၄၃၂ သိန်းအားကျော်လွန်၍ ၆% ခန့် တိုးတက်ထွက်ရှိဖွယ်ရာရှိသည်။ ဤသို့တွက်ဆချက်အရ ဆောင်းသီးနှံအထွက် ကောင်းမွန်ခြင်းက လက်ရှိဈေးကွက်၌ ပိုလျှံမှုဖြစ်ပေါ်နေသည့် ဂျုံနှင့်ဆန်စပါးတို့အပေါ် ထပ်ဆောင်းပိုလျှံမှုဖြစ်ပေါ်စေပြီး ဈေးကွက်ပုံစံပျက်ယွင်းမှုကို လှုံ့ဆော်တွန်းအားပေးမည့် အနေအထားရှိကြောင်း၊ သို့ရာတွင် ဆောင်းရာသီ ဆီထွက်သီးနှံနှင့်ပဲမျိုးစုံ စိုက်ပျိုးမှုမှာ အထွက်ပမာဏ ၂.၆% နှင့် ၂% အသီးသီးလျော့နည်းနိုင်ချေရှိခြင်းက လက်ရှိဈေးကွက်၌ လိုအပ်ချက်ကို ပိုမိုမြင့်တက်

စေဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**စီးပွားရေးသံမှူး-နယူးဒေလီမြို့**

**Source:** **NCML releases first estimate of rabi crop, indicates record food grain production, 27 Jan 2020, Economic Times**

## တစ်ကိုယ်ရေသုံး ရောဂါပိုးမွှားကာကွယ်ရေးပစ္စည်းများ ပြည်ပတင်ပို့မှုအား အိန္ဒိယအစိုးရက ကန့်သတ်လိုက်ခြင်း

ကိုရိုနာဗိုင်းရပ် ကူးစက်ပြန့်ပွားလျက်ရှိသည့် တရုတ်နိုင်ငံနှင့် ဟောင်ကောင် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသတို့ရှိ ကုန်သည်များထံမှ ရောဂါပိုးမွှားကာကွယ်ရေး ဝတ်စုံပစ္စည်းများဝယ်ယူလိုကြောင်း အမှာစာများစွာအား အိန္ဒိယနိုင်ငံရှိ လုပ်ငန်းရှင်များက ဇန်နဝါရီလကုန်ပိုင်းတွင် လက်ခံရရှိခဲ့ပြီးနောက် အိန္ဒိယအစိုးရသည် ပြည်တွင်း၌ အဆိုပါ ပစ္စည်းများ ပြတ်လပ်မှုဖြစ်ပေါ်ခြင်း မရှိ စေရန်အတွက် ပြည်ပသို့တင်ပို့မှုအား တားမြစ်ကန့်သတ်သည့် အမိန့်ကြော်ငြာစာကို ၃၁.၁.၂၀၂၀ နေ့တွင် ထုတ်ပြန်လိုက်ပါသည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ခဲ့သည့် အဆိုပါ အမိန့်ကြော်ငြာစာအရ ITC HS Codes – 901850, 901890, 9020, 392690, 621790, 630790 တို့အောက်၌ အကျုံးဝင်သည့် N-95 Mask အမျိုးအစား နှာခေါင်းစည်း မျက်နှာဖုံးများနှင့် Coveralls (Class 2/3/4) ဝတ်စုံများ အပါအဝင် တစ်ကိုယ်ရေသုံး ရောဂါပိုးမွှားကာကွယ်ရေး အဝတ်အထည်ပစ္စည်းများအား ၎င်းကြော်ငြာစာထုတ်ပြန်သည့်အချိန်မှစ၍ နောက်ထပ် အမိန့်တစ်စုံတစ်ရာထုတ်ပြန်ခြင်းမရှိသရွေ့ ပြည်ပသို့တင်ပို့ခွင့်ကို တားမြစ်ကန့်သတ်ထားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ ပြည်ပပို့ကုန်လုပ်ငန်းရှင် အဖွဲ့အစည်းများအသင်းချုပ် (Federation of Indian Export Organisations) မှ ညွှန်ကြားရေးမှူးချုပ် Mr. Ajay Sahai က ဇန်နဝါရီလ စတုတ္ထပတ်အတွင်း တရုတ်နိုင်ငံရှိ ပြည်နယ်များစွာထံမှ N-95 နှာခေါင်းစည်း မျက်နှာဖုံးများ ဝယ်ယူလိုကြောင်း အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များထံသို့ မေးမြန်းစုံစမ်းလာသည့် အမှာစာပေါင်း ၁၅ ခုထက် မနည်းရှိခဲ့ကြောင်း၊ မှာယူလိုသည့် နှာခေါင်းစည်းမျက်နှာဖုံးအရေအတွက်မှာ ၂ သန်းခန့်ရှိကြောင်း၊ ဟောင်ကောင် ဒေသရှိ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှလည်း N-95 Mask များထုတ်လုပ်သည့် အိန္ဒိယလုပ်ငန်းရှင်များစာရင်းကို တောင်းခံခဲ့ကြောင်းဖြင့်ပြောကြားပါသည်။

အိန္ဒိယနိုင်ငံ၌ တစ်ကိုယ်ရေသုံး ရောဂါပိုးမွှားကာကွယ်ရေးပစ္စည်းများကို ထုတ်လုပ်မှုရှိသော်လည်း ပြည်တွင်း ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင်ဖြည့်ဆည်းနိုင်ခြင်းမရှိသဖြင့် အချို့သော ရောဂါပိုးမွှားကာကွယ်ရေး အသုံးအဆောင် ပစ္စည်းများကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရပါသည်။ သို့ဖြစ်ရာ ဆေးရုံသုံးလက်အိတ်များနှင့်နှာခေါင်းစည်းမျက်နှာဖုံးများ ဝယ်လိုအား မြင့် တက်လာနိုင်မည့် အခြေအနေကိုတွက်ဆလျက် အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ Department of Pharmaceuticals သည် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြည်တွင်းရှိ တစ်ကိုယ်ရေသုံး ရောဂါပိုးမွှားကာကွယ်ရေးပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းရှင်များအား အစည်းအဝေးခေါ်ယူလျက် ကုန်ထုတ်လုပ်မှုအရှိန်တိုးမြှင့်ဆောင်ရွက်ရန် တွန်းအားပေး ခဲ့သည်။

အိန္ဒိယကုမ္ပဏီလုပ်ငန်း ၁၅ ခုခန့်သည် နှစ်စဉ်ဆေးရုံသုံးလက်အိတ် ၂ ဘီလီယံခန့်ကို ထုတ်လုပ်နိုင်စွမ်းရှိသော်လည်း ပြည်တွင်းဈေးကွက်လိုအပ်ချက်မှာ ၄ ဘီလီယံခန့်ရှိသည်။ အဆိုပါ လိုအပ်ချက်၏ ၆၀% သည် ခွဲစိတ်ခွဲစမ်းသပ်မှုလုပ်ငန်းသုံး လက်အိတ်များဖြစ်၍ ကျန် ၄၀% သည် ခွဲစိတ်ကုသမှုလုပ်ငန်းသုံး လက်အိတ်များဖြစ်သည်။ ခွဲစိတ်ခွဲစမ်းသပ်မှု လုပ်ငန်းသုံး လက်အိတ်များအား ပြည်တွင်း၌ ထုတ်လုပ်မှုနည်းပါးသဖြင့် အဓိကအားဖြင့် ပြည်ပမှတင်သွင်းနေရပါသည်။ အိန္ဒိယဆေးပစ္စည်း ထုတ်လုပ်သူများအသင်း (AiMeD) မှ Forum Coordinator ဖြစ်သူ Mr. Rajiv Nath က အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း တစ်ကိုယ်ရေသုံး ရောဂါပိုးမွှား ကာကွယ်ရေးပစ္စည်းများ ထုတ်လုပ်နိုင်မှု အခြေအနေ၊ တိုးမြှင့်ထုတ်လုပ်နိုင်မည့်အလားအလာ၊ လက်ရှိ ပြည်တွင်းဈေးကွက်၌ ဝယ်ယူရရှိနိုင်မည့်ပမာဏစသည့်အချက်များကို လေ့လာစုစည်းဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့လုပ်ငန်းရှင်များအနေဖြင့် လာမည့်ကာလတို ၂ လ၊ ၃ လ အတွင်း အဆိုပါရောဂါပိုးမွှားကာကွယ်ရေး ပစ္စည်းများ ထုတ်လုပ်မှုကို ၁၅% မှ ၂၀% အထိ တိုးမြှင့်နိုင်မည်ဟုခန့်မှန်းရကြောင်း ပြောဆိုပါသည်။

အိန္ဒိယအစိုးရသည် တရုတ်နိုင်ငံ ဝူဟန်မြို့၌ ရောက်ရှိနေခဲ့သော ၎င်းတို့နိုင်ငံသား ၆၄၇ ဦးနှင့် မော်လ်ဒိုက်နိုင်ငံသား ၇ ဦးအား ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်နေ့များတွင် လေကြောင်းခရီးစဉ်နှစ်ကြိမ်ဖြင့် ပြန်လည်ခေါ်ယူခဲ့ပြီး နယူးဒေလီမြို့၌ သီးသန့်ခွဲခြားထားရှိရေး စခန်းများ၌ထားရှိလျက် စောင့်ကြည့်ကြပ်မှုများဆောင်ရွက်လျက်ရှိသည်။ အလားတူ Kerala, Haryana, Mizoram စသည့်ပြည်နယ်များတွင်လည်း တရုတ်နိုင်ငံမှပြန်လည်ဝင်ရောက်လာသည့် ကိုရိုနာဗိုင်းရပ်ကူးစက်မှုရှိသည်ဟု သံသယဖြစ်ဖွယ်ရာပုဂ္ဂိုလ်များအား သီးသန့်ခွဲခြားစောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံ Kerala ပြည်နယ်၌ ၂.၂.၂၀၂၀ နေ့ ညနေပိုင်းအထိ ကိုရိုနာဗိုင်းရပ်ကူးစက်ခံရသူ ၂ ဦးရှိပြီဖြစ်ကြောင်း အတည်ပြုထားပြီးဖြစ်သည်။

**စီးပွားရေးသံမှူး-နယူးဒေလီမြို့**

**Source:** 1. China taps India for masks, exporters unsure, 29 Jan 2020, Economic Times

2. Coronavirus: Government meets medical device manufacturers, 1 Feb 2020, Economic Times

3. NOTIFICATION No: 44/2015–2020 dated 31[tt] January 2020, Department of Commerce, Ministry of Commerce & Industry, India

## STOCK EXCHANGE (28.1.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 28th Jan. 2020

#### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,500 | 11,500 | 11,000 | 3,141 | 34,573,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,900 | +0 | +0.00% | 3,900 | 3,950 | 3,900 | 3,493 | 13,696,750 | 38,929,150 | 151,824 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,300 | 8,300 | 8,100 | 67 | 544,800 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 945 | 21,735,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,850 | 2,900 | 2,850 | 1,432 | 4,081,550 | 12,823,224 | 36,546 |

#### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 458.41 | -0.47 | -0.10% | 468.32 | 468.32 | 458.41 | 9,078 | 74,631,600 | 5 | 627,715 |

#### Index chart



# Market Overview

As of 11:00 am, 28th Jan. 2020

| MYANPIX | 461.82 ▲ 2.94 |
|---|---|
| Total Volume (shares) | 3,265 |
| Total Value (MMK) | 14 mil |
| Listed Company | 5 |
| Market Cap. (MMK) | 632,382 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,950 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 200 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |

TIR